# First Myanmar Investment Public Co., Ltd ၏ ၃၁ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး အမေးအဖြေကဏ္ဍ

**၁။ လက်ရှိ FMI ရှယ်ယာဈေးနှုန်း တန်ဖိုးက ၇၀၀၀ ကျပ် ဝန်းကျင်မှာ ရှိနေတာက ရင်းနှီးမြှုပ်နှံသူများအတွက် ထပ်မံ ဝယ်ယူ ရင်းနှီးမြှုပ်နှံသင့်တဲ့ ဈေးနှုန်းလား။ ဒါမှမဟုတ် ရှယ်ယာဈေးနှုန်းက ထပ်ကျနိုင်သေးသလား။**

လက်ရှိစျးကွက်ရဲ့ အခြေအနေကို သုံးသပ်ပြီးတော့ ရောင်းချင်တဲ့ ဝယ်ချင်တဲ့ဈေးနဲ့ အလုပ်ဖြစ်နေတဲ့ ကိစ္စဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ ပိုင်ဆိုင်မှု တန်ဖိုးကတော့ ကျွန်တော်တို့ ကုမ္ပဏီရဲ့ နှစ်ပတ်လည် အစီရင်ခံစာမှာ သေချာဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်တော်ကိုမေးရင်တော့ အခုဖြစ်နေတဲ့ ရောင်းဝယ်ဈေးက ၇၀၀၀ ကျော်က ကျွန်တော်တို့ ပိုင်ဆိုင်မှုတန်ဖိုးထက် အများကြီးလျော့နည်းတယ်ဆိုတာတော့ ကျိန်းသေတယ်လို့ ပြောလို့ရပါတယ်။ ဝယ်သင့်လား မဝယ်သင့်ဆိုတာကတော့ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်က ဆုံးဖြတ်ရမဲ့ ကိစ္စဖြစ်ပါတယ်။

**၂။ FMI အနေနဲ့ သောက်ရေသန့်လုပ်ငန်းနဲ့ လုပ်ငန်းတိုးချဲ့ပါလား။ ၂၀ လီတာ၊ ၁ လီတာ၊ ၂ လီတာ ဆိုဒ် ရေသန့်တွေကို မြန်မာနိုင်ငံအနှံ့ ဖြန့်ချိပြီး အမည်ကို FMI ဒါမှမဟုတ် Yoma တံဆိပ်သုံးပြီး လုပ်ငန်းတိုးချဲ့ပါလား။**

အခုလို အကြံဉာဏ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သင့်တော်မှု ရှိ၊ မရှိကို ကျွန်တော်တို့ စဉ်းစားပြီးတော့ ဆက်လက်ဆောင်ရွက်ပါမယ်။

**၃။ ကျွန်တော်က StarCity မှာ နေထိုင်သူတစ်ယောက် ဖြစ်ပါတယ်။ StarCity အိမ်ရာတန်ဖိုး တိုးတက်စေဖို့ အရင်က ကြေညာခဲ့တဲ့ StarHub Office Project ပြန်လည်စတင်ဖို့ အစီအစဉ် ရှိ၊ မရှိဆိုတာနဲ့ အခြား စီမံကိန်းတွေဖြစ်တဲ့ ဆေးရုံ၊ ဟိုတယ်၊ ရှော့ပင်းမော အစရှိတဲ့ စီမံကိန်းတွေကိုရော လုပ်ဖို့ အစီအစဉ် ရှိ၊မရှိ သိချင်ပါတယ်။**

StarCity မှာ လွန်ခဲ့တဲ့ ၁၂ လအတွင်းကို ပြောရမယ်ဆိုရင် အောင်မြင်မှုတွေ အများကြီး ပြစရာ ရှိပါတယ်။ Star Villas ကို တည်ဆောက်ခဲ့တယ်။ City Loft ရဲ့ ရောင်းအားကလဲ ကောင်းနေတယ်။ ဧပြီလမှာဆိုလည်း The Aurora ကို စတင်ရောင်းချခဲ့တာ ဒီနေ့အထိလည်း ကျေနပ်စရာကောင်းတဲ့ ရောင်းအားရှိနေတယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ ဆက်လက်လုပ်ဆောင်မဲ့ စီမံကိန်းတွေ လုပ်ဆောင်ချက်တွေကိုတော့ စောင့်မျှော်ပေးဖို့ကို ပြောချင်ပါတယ်။ ကျိန်းသေတာကတော့ ကျွန်တော်တို့အနေနဲ့ကတော့ လူငယ်တွေ ကိုယ့်ပိုင်အိမ် ပိုင်ဆိုင်နိုင်စေမဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်မဲ့ စီမံကိန်းတွေကို အားထုတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါက လူမှုရေးအရ ပြောရမယ်ဆိုရင်တော့ အင်မတန် တန်ဖိုးရှိပြီး ကောင်းမွန်တဲ့ လုပ်ရပ်တစ်ခု၊ စီမံကိန်းတစ်ခုလို့ ယူဆပါတယ်။ ဒါကြောင့်လည်း ဒီလို စီမံကိန်းတွေကို ဆက်လက်လုပ်ဆောင်သွားဖို့ ကျိန်းသေပြောနိုင်ပါတယ်။

**၄။ လက်ရှိနိုင်ငံရေးနှင့် COVID အခြေအနေများကြောင့် FMI ရဲ့ စီမံအုပ်ချုပ်သူများအနေနဲ့ ကုမ္ပဏီရဲ့ အနာဂတ်မှာ တိုးတက်မှုများကို မြင်ပါသလား။ အထူးသဖြင့် မည်သည့် လုပ်ငန်းကဏ္ဍမှာ တိုးတက်မှု ရှိလာနိုင်တယ်လို့ မြင်ပါသလဲ။**

ဈေးကွက်ရဲ့ အခြေအနေကို သုံးသပ်ပြီး ပြောရမယ်ဆိုရင် ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းတွေမှာ တိုးတက်ဖို့ အလားအလာကောင်းတွေ အများကြီး ရှိနေပါတယ်။

**၅။ မတည်ငြိမ်တဲ့ ဈေးကွက်များနှင့် ကြုံမမြင်နိုင်တဲ့ စီးပွားရေးအခြေအနေကြားမှာ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် FMI အတွက် Business Continuity Plan အစီအစဉ်တွေ ရှိပါသလား။**

အခုလက်ရှိ အခြေအနေ ၊ အနာဂတ် ၁ နှစ်၊ ၂ နှစ် ၊ ၃ နှစ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကို စဉ်းစားပြီးတော့ ဘယ်အချိန်မှာဘဲဖြစ်ဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့၊ နောက်ပြီး လုပ်ငန်းတွေ အောင်မြင်စွာ ဆက်လက်ဆောင်ရွက်နိုင်ဖို့က အဓိက ကျပါတယ်။ ဒါက အုပ်ချုပ်မှုအဖွဲ့ရဲ့ အဓိကတာဝန်ဘဲဖြစ်တယ်။ ဒီနေ့ဒီရက်အထိ အမြတ်ဝင်ငွေ ပြနိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူပါတယ်။ ဝန်ထမ်းတွေရဲ့ ကြိုးစားမှုကိုလည်း ကျေးဇူးတင်ပါတယ်။ ကုမ္ပဏီအများစုက အခုအချိန်မှာ အမြတ်ပေါ်ဖို့ထက် ဆက်လက် ရပ်တည်နိုင်ဖို့တောင် ရုန်းကန်နေရတာ ဖြစ်ပါတယ်။

**၆။ ကျန်းမာရေးစောင့်ရှောက်မှုက မြန်မာနိုင်ငံဈေးကွက်မှာ အဓိက လိုအပ်ချက်ဖြစ်တဲ့အတွက် ဘယ်ကျန်းမာရေးစောင့်ရှောက်မှု အပိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့ စီစဉ်ထားပါသလဲ။**

အစီအစဉ်များစွာရှိပါတယ်။ နောင်လာမဲ့ အချိန်ကာလမှာ ကျွန်တော်တို့ အဓိက ရင်းနှီးမြှုပ်နှံပြီး အားထုတ်ရမဲ့ ကဏ္ဍတစ်ခုဖြစ်တယ်လို့ အသိပေးချင်ပါတယ်။

**၇။ လွန်ခဲ့တဲ့ နှစ်မှာ ဈေးကွက်အတွင်း ငွေသားလိုအပ်ချက်တွေ ရှိနေတာကို မြင်တွေ့ခဲ့ရပြီး ရိုးမဘဏ်အနေနဲ့ ထိုအခြေအနေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းခဲ့ပါသလဲ။**

ရိုးမဘဏ်အနေနဲ့ ငွေသားလိုအပ်ချက် ပြဿနာကို ဖြေရှင်းပေးဖို့ ငွေသားသွင်းပြီးနောက်မှာ အချိန်မရွေး အကန့်အသတ်မရှိ ငွေသားထုတ်ယူနိုင်တဲ့ Flexi Account တွေနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။

**၈။ ၂၀၂၁ စက်တင်ဘာလ ၃၀ ရက်ကနေ ၂၀၂၂ မတ်လ ၃၁ ရက်နေ့ ကာလအတွင်းမှာ ချေးငွေစုတွေ လျော့နည်းလာတာကို တွေ့ရတယ်။ သဘောက ငွေချေးပေးမှုတွေ လျော့နည်းလာတယ်ဆိုတဲ့ သဘောလား။ ဒီလိုအခြေအနေကို ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍအနေနဲ့ ပြောင်းလဲလာအောင်လုပ်ဖို့ ဘယ်လို အစီအစဉ်တွေ ရှိပါသလဲ။ ငွေချေးပေးမှုတွေ ပြန်မြင့်တက်လာနိုင်ချေရော ရှိလား။**

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်ရဲ့ အစီရင်ခံစာမှာလည်း ရှင်းပြပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငွေချေးမှုနဲ့ ပတ်သက်လို့ ရှေ့လျှောက်မှာ ပိုသတိထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းလည်ပတ်ဖို့ ငွေသားလိုအပ်တဲ့ SME လုပ်ငန်းတွေ ပြန်လည်လည်ပတ်နိုင်အောင် ကူညီထောက်ပံ့လိုတာမို့ ချေးငွေ မှန်မှန်ပြန်ဆပ်နိုင်တဲ့ ကာစတန်မာတွေကို အဓိကထားပြီး ချေးငွေပေးသွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တာဟာ လတ်တလောမှာဖြစ်နေတဲ့ စီးပွားရေးအခြေအနေနဲ့အညီ လိုက်လျောညီထွေအောင် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ အခုလိုအချိန်မျိုးမှာ ငွေသားဖြစ်လွယ်မှုကို ထိန်းထားနိုင်ဖို့က ပိုအရေးကြီးပါတယ်။ ဒီလို လုပ်ဆောင်ခြင်းဟာ ကျွန်တော်တို့တွေ ဆက်လက်ရပ်တည်နိုင်ဖို့နဲ့ စိန်ခေါ်မှုမှန်သမျှကို ဖြေရှင်းနိုင်ဖို့အတွက် ပိုပြီး အထောက်အကူဖြစ်စေပါတယ်။

၉။ နှစ်ပတ်လည် အစီရင်ခံစာမှာ Padauk Garden စီမံကိန်းကို စတင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒီစီမံကိန်းအပေါ် ဈေးကွက်ရဲ့ တုံ့ပြန်မှုကရော ဘယ်လိုရှိပါသလဲ။ လာမဲ့ ဘဏ္ဍာနှစ်တွေမှာရော အလားတူစီမံကိန်းတွေ ထပ်လုပ်ဆောင်သွားဖို့ ရှိပါသလား။

ကျွန်တော်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့အတိုင်းပါဘဲ။ Padauk Garden ရဲ့ ရောင်းအားက ကျေနပ်စရာ ကောင်းနေခဲ့ပါတယ်။ ဒီနေ့အထိဆိုရင် လုံးချင်းအိမ်နဲ့ ဆိုင်ခန်းတွဲလျက်ပါအိမ်တွေ အများကြီး ရောင်းနိုင်ခဲ့ပါတယ်။ လာမဲ့လတွေ နှစ်တွေမှာလည်း ဒီလိုအလားတူ စီမံကိန်းတွေကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။

၁၀။ ဘဏ္ဍာနှစ် ၂၀၂၁-၂၀၂၂ ဖြစ်တဲ့ ၆ လတာ ကာလမှာ ကုမ္ပဏီရဲ့ ဝင်ငွေ ကျဆင်းလာတာကို တွေ့ရပါတယ်။ ရှေ့ဆက် ဒီအခြေအနေက ဆက်ဖြစ်နေအုံးမှာလား။ ဆက်ဖြစ်နေအုံးမယ်ဆိုရင်လော ဘယ်အချိန်လောက်ထိ ဆက်ဖြစ်နေမှာလဲ။

ဒီလို ဝင်ငွေကျဆင်းတဲ့ အခြေအနေမျိုး ဆက်ဖြစ်သွားဖို့ ကျွန်တော်တို့အနေနဲ့ မမျှော်လင့်ထားပါဘူး။ ပြီးခဲ့တဲ့ ၂၄ လအတွင်းမှာလည်း အကြီးစား စိန်ခေါ်မှု ၂ ရပ်ကို ကျွန်တော်တို့ ရင်ဆိုင်ဖြေရှင်းနိုင်ခဲ့တယ်လို့ ယူဆပါတယ်။ ဒါကြောင့် အနာဂတ်မှာ အမြတ်ဝင်ငွေ ရရှိအောင် လုပ်ဆောင်နိုင်မယ်လို့လည်း ကျွန်တော်တို့အနေနဲ့ ယုံကြည်ချက်ရှိပါတယ်။

၁၁။ ပြီးခဲ့တဲ့ ၃ လအတွင်းမှာ လောင်စာဆီတွေ နဲ့ အခြေခံလူသုံးကုန်ပစ္စည်းတွေ ဈေးတက်လာတာကို တွေ့ရပါတယ်။ ဒီလိုကုန်ဈေးနှုန်းတွေ မြင့်တက်လာတဲ့အချိန်မှာ လုပ်ငန်းစုအနေနဲ့ လုပ်ငန်းလည်ပတ်မှုစရိတ်တွေ သက်သာအောင် လုပ်ဆောင်ဖို့ စီစဉ်ထားပါသလဲ။

ဒီကိစ္စအတွက် သတိထားပြီး ဂရုတစိုက် လုပ်ဆောင်နိုင်တာကလွဲလို့ အဖြေအတိအကျ မရှိပါဘူး။ ငွေကြေးဖောင်းပွမှုတွေ ဖြစ်နေတဲ့ ကာလတလျှောက်မှာ ဒီကုန်ဈေးနှုန်းတွေ မြင့်တက်နေတာက မြန်မာနိုင်ငံမှာသာမက တစ်ကမ္ဘာလုံးမှာ ဖြစ်နေမှာ ဖြစ်ပါတယ်။

# First Myanmar Investment Public Co., Ltd 's 31st Annual General Meeting

## Q&As

1. Is the current FMI share price of around 7,000 kyats per share worth buying and investing for investors? Or can the share price still fall further?

   Investors should consider based on the situation of the market and decide if it is the price they want to buy or sell. The value of the company's assets is clearly stated in our Annual Report. So if you ask me, I can definitely say that the current market price of around 7,000 Kyat is much less than the value of our company. But it is up to the investors to decide.

2. Is FMI expanding its business by starting with drinking water business? You can distribute 20 liters, 1 liter and 2 liters of water bottles throughout Myanmar by using FMI or Yoma brand name.

   Many thanks for your advice. We will consider this business idea to see if its viable.

3. I am a resident of StarCity. Is there a plan to restart the previously announced StarHub Office Project to improve the value of StarCity? If not then I would like to know if you have any plan to start the projects like hospital, hotel, shopping mall, etc?

   In the past 12 months, there are many developments in StarCity which we can be proud of. We launched the Star Villas project and the sales at City Loft housing are doing well too. In April 2022, we launched The Aurora, and so far, sales have been satisfactory. Please look out for our upcoming projects. Our focus is to work on projects that can provide opportunities for the young generation and first-time home buyers. Socially speaking, this type of projects is truly meaningful and advantageous to the community. That's why we will continue to work on such projects.

4. With current political climate, how do key management of FMI see the future growth of the Group? In which operating segment, do you see the growth?

   We are confident on the future growth of the Group, especially in banking, healthcare and real estate sectors.

5. Amidst the volatile market, does FMI have business continuity plan (BCP) in place to survive in this unforeseeable business climate?

   We always plan and prepare for challenging business climate as well as any scenarios we may face two or three years down the road with the goal of standing strong in good and bad times. It is important to be able to operate our businesses successfully and this is the main responsibility of the management team. I am proud that we are able to continue to generate profits till today. I also appreciate the efforts of our employees.

6. Since healthcare is a major demand in the Myanmar market, which healthcare segment do you plan to develop?

   We have many development plans for the healthcare segment, and is an area we would like to invest more and strive for more in the future.

7. Over the past year, we have seen the demand in physical cash in the market, how has Yoma Bank dealt with this situation?

   Yoma Bank introduced Flexi Accounts which allow deposits and withdrawals at any time without limitations or restrictions.

8. We have seen the drop in Loan portfolio balance between Mar 31, 2022 and Sept 30, 2021. Does this indicate the fact that fewer loans are taken out? How does financial services segment anticipate coping with this change? Have you seen the upward trend in increased default loans?

   I have already reported in my message that our lending strategy going forward will be more prudent, meaning to say that we will have a more conservative credit appetite and risk appetite. We are also focusing on providing loans to existing customers who have very good track record of repayment, and SMEs which have a good business and require financing. This is in line with the overall economic climate. But more importantly, we consider maintaining high liquidity as very essential during this period in order to face any other challenges that might emerge in the banking sector.

9. We have seen the mix of mid-priced residential and commercial development, Padauk Garden introduced in the annual report. What has the market response been in relation to this project and do you intend to implement similar types of the project in the coming financial year?

Yes. The sale record has been very satisfactory for Padauk Garden as reported in the message. Today, we have sold many units of bungalows and shophouses, and we will continue to develop similar types of project in the coming months and years.

10. 1We have seen the drop in revenues for nearly 16% between 6 months financial reporting period FY 22 and FY 21. Do you see this trend to be continued? If so, how long?

    We do not hope that this will be a trend because we consider ourselves to have weathered the two crises in the past 24 months. We are confident that we will be able to operate profitably going forward.

11. In the last 3 months or so, we have seen a surge in both petroleum and basic retail commodities price. How does the group plan to mitigate this overall operating cost increase?

    The answer is to be prudent. We think that the commodities prices will continue to escalate as we enter the inflationary period, not only in Myanmar but globally.